## လုပ်ပိုင်ခွင့် မန်ဒိတ် (Mandate)

HRC ဆုံးဖြတ်ချက်အမှတ် (၃၄/၂၂) (A/HRC/RES/34/22) အရ လူ့အခွင့်အရေး ကောင်စီ သမ္မတမှူးကြီး ကိုယ်တိုင်ရွေးချယ်ခန့်အပ်မည့် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့ ကို အရေးတကြီး စေလွှတ်ရန် မတ်လ (၂၄) ရက် (၂၀၁၇) ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက ဆုံးဖြတ်ချက်ချခဲ့ပါသည်။ ၎င်းအဖွဲ့၏ ပြဋ္ဌာန်းထားသော လုပ်ပိုင်ခွင့်မှာ "မြန်မာနိုင်ငံအတွင်း၊ အထူးသဖြင့် ရခိုင်ပြည်နယ်အတွင်း တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည်ဆိုသော စွပ်စွဲချက်များကိုလည်းကောင်း၊ ကျူးလွန်မှုများကို လည်းကောင်း အချက်အလက်နှင့် အခြေအနေများဖြင့် သက်သေပြ အတည်ပြုနိုင်ရန်" ဖြစ်ပါသည်။ သက်ဆိုင်သော စွပ်စွဲချက်များမှာ ထင်ချင်ထင်တိုင်း ဖမ်းဆီး အကျဉ်းချခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း နှင့် လူသားမဆန် ပြုမူဆက်ဆံခြင်း၊ မုဒိမ်းကျင့်မှုနှင့် တခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ မတရားသတ်ဖြတ်ခြင်းများ၊ လူများ ပျောက်ကွယ်သွားအောင် အတင်းအကျပ် ပြုခြင်း၊ အင်အားသုံး၍ နယ်မြေမှ ဖယ်ရှားပစ်ခြင်း နှင့် တရားမဲ့ ပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်း တို့ပါဝင်ပါသည်။ ကျူးလွန်သူများ အပြည့်အဝ ပြစ်ဒဏ်ခံမှုရှိရန်၊ ကျူးလွန်ခံရသူများ တရားမျှတမှုရစေရန် သေချာဆောင်ရွက်မည့် အမြင်နှင့် လူ့အခွင့်အရေးကောင်စီမှ အချက်အလက် ရှာဖွေရေးအဖွဲ့သို့ ကောင်စီ (၃၆)ကြိမ်မြောက် အစည်းအဝေးတွင် နှုတ်ဖြေထုတ်ပြန်ချက် ပြုလုပ်ပေးရန်နှင့် (၃၇)ကြိမ်မြောက် အစည်းအဝေးတွင် အပြည့်အဝအစီရင်ခံစာ ထုတ်ပြပေးရန် မေတ္တာရပ်ခံထားခဲ့ပါသည်။